**Panasonic**

# အလိုအလျောက်အပူချိန် ချိန်ညှိပေးသော ရိုးရိုးမီးပူ

## အသုံးပြုပုံလမ်းညွှန်

မော်ဒယ်နံပါတ်. **NI-317T**




လျှပ်စစ်မီးပူအသုံးမပြုမီလမ်းညွှန်ချက်အားလုံးအားသေချာစွာဖတ်ပါ။

# အရေးကြီးလုံခြုံရေးဆိုင်ရာကြိုတင်သတိပေးချက်များ

၁။ လျှပ်စစ်မီးပူအသုံးပြုမီ လမ်းညွှန်ချက်အားလုံးကိုသေချာဖတ်ပါ။

၂။ ဤမီးပူသည်အိမ်သုံးအတွက်သာဖြစ်ပါသည်။

၃။ မီးပလပ်မထိုးမီအိမ်ရှိမီးအားသည်မိမိရွေးချယ်ထားသောမီးအားနှင့်ကိုက်ညီမှုရှိမရှိကြည့်ပါ။

၄။ မီးကြိုးပျက်စီးနေခြင်းမီးပူချို့ယွင်းခြင်းသို့ပလပ်ပေါက်ချောင်ပါကအသုံးမပြုပါနှင့်။

၅။ အဆင့်မြှင့်ခြင်း၊တခြားအရာများတပ်ခြင်းပြုပြင်ခြင်းမပြုလုပ်ပါနှင့်။ပြုပြင်လိုပါကပန်နာဆိုးနစ်အရောင်းဆိုင်သို့သွားပါ။

၆။ လျှပ်စစ်စီးဆင်းမှုမလွန်ကဲစေရန်ပမာဏများသောအရာများတစ်ပြိုင်တည်းမသုံးပါနှင့်။

၇။ မီးပူအားပလပ်ထိုး၍ပစ်မထားပါနှင့်အခန်းအပြင်သို့ခနဖြစ်စေသွားလျှင်မီးပလပ်ဖြုတ်၍မြင့်သောနေရာတွင်တင်ထားပါ။ကလေးများနှင့်ဝေးဝေးထားပါ။

၈။ မီးကြိုးမှဆွဲ၍မီးပလပ်မဖြုတ်ပါနှင့်မီးပလပ်အားသေချာစွာကိုင်၍ဆွဲဖြုတ်ပါ။

၉။ မီးပူကြိုးရှုပ်ထွေးနေလျှင်အသုံးမပြုပါနှင့်။မီးကြိုးပျက်ဆီးနိုင်သည်။

၁၀။ မီးကြိုးပျက်စီးနေလျှင်အန္တရာယ်ကင်းစေရန်ထုတ်လုပ်သောနေရာသို့ဝန်ဆောင်မှုပေးသောနေရာသို့နားလည်တတ်ကျွမ်းသောသူများထံသာပြသပါ။

၁၁။ ဓာတ်လိုက်ခြင်းမှကာကွယ်ရန်မီးပူကိုရေ(သို့)တခြားအရည်များထဲတွင်မထားပါနှင့်။

၁၂။ မီးပူအားအမြဲအနိမ့်ဆုံးထား၍မီးပလပ်ထိုးခြင်း(သို့)ဖြုတ်ခြင်းပြုလုပ်ပါ။

၁၃။ မီးပူမသိမ်းဆည်းမီအအေးခံထားပါ။မီးပူသိမ်းဆည်းသောအခါမီးကြိုးကိုလျော့၍ခွေပြီးမီးပူပေါ်တင်ပါ။

၁၄။ အပူမလောင်စေရန်မီးပူ၏အပူလွှတ်သောသတ္တုနေရာအားမထိပါနှင့်။


၁၅။ မီးပူအားညီညာပြန့်ပြူးသောနေရာတွင်ထားပါ။

၁၆။ မီးပူအားစင်ဖြင့်ထားပါကၤင်းထားသောစင်၏အောက်ခြေမျက်နှာပြင်ညီညာ၍ငြိမ်သက်စေရန်ဂရုပြုပါ။

၁၇။ မီးပူပြုတ်ကျ၍ပျက်စီးခြင်း(သို့)ရေစိမ့်ထွက်နေသောလက္ခဏာရှိပါကအသုံးမပြုပါနှင့်။

၁၆။ ဤစက်သည်ရုပ်ပိုင်းဆိုင်ရာ၊အာရုံခံနိုင်စွမ်း(သို့) စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်နိုင်စွမ်းလျော့နည်းသောပုဂ္ဂိုလ်များ(ကလေးငယ်များအပါအဝင်) (သို့) လူကြီးမိဘတို့၏ကြီးကြပ်မှုမရှိ၍အတွေ့အကြုံဗဟုသုတနည်းပါးသောသူများအတွက်အသုံးပြုရန်ရည်ရွယ်ထားခြင်းမဟုတ်ပါ။ ဤပစ္စည်းကိုအသုံးပြုရာတွင်ဘေးကင်းလုံခြုံစေရန်အတွက်ကျွမ်းကျင်သူတစ်ဦးဦးထံမှလမ်းညွှန်ချက်များ၊ သတိပေးချက်များကိုသိရှိထားခြင်းမရှိဘဲအသုံးမပြုသင့်ပါ။ ကလေးများကို ဤစက်နှင့်မကစားမိစေရန်မိဘအုပ်ထိန်းသူများကစောင့်ကြည့်သင့်သည်။

၁၇။ မီးပူအားကလေးငယ်များမဆော့စေရန်သေချာကြီးကြပ်ထားသင့်သည်။




ပါဝင်သည့်ပစ္စည်းများ

၁ လက်ကိုင်

၂ အပူချိန်ထိန်းညှိမှုပြမီး

၃ မီးပူတိုက်ရန်အညွှန်း

၄ အပူချိန်ညှိရန်ခွက်

၅ အောက်ခံပလိပ်ပြား

## အသုံးပြုပုံ

၁။ မီးပူအားထောင်လျက်အနေအထားဖြင့်ပြုလုပ်ပါ။

၂။ အပူချိန်ထိန်းညှိဒိုင်ခွက်အားအနည်းဆုံးအပူချိန်တွင်ထားပါ။

၃။ မီးပလပ်ကိုထိုးပါ။

၄။ အဝတ်အစားပေါ်မူတည်၍သင့်တော်သောအပူချိန်အားအပူချိန်ထိန်းညှိဒိုင်ခွက်တွင်သတ်မှတ်ပါ။မီးပူ ပူလာစေရန် ၂မိနစ်ခန့်စောင့်ပါ။

## အပူချိန်ရွေးချယ်သတ်မှတ်ခြင်း

- အထည်အမျိုးအစားပေါ်မူတည်၍အပူချိန်ထိန်းညှိကိရိယာတွင်ဖော်ပြထားသောအပူချိန်များအတိုင်းသတ်မှတ်ပါ။
- အဝတ်အထည်ထုတ်လုပ်သူမှလမ်းညွှန်ထားသောမီးပူတိုက်ရမည့်အပူချိန်သင်္ကေတများအားစစ်ဆေးပါ။
- ပထမဆုံးမီးပူတိုက်လျှင်အပူချိန်အနည်းဆုံးတွင်သာသုံးပါ။ထို့နောက်လိုအပ်သောအမြင့်ဆုံးအပူချိန်သုံးပါ။မီးပူကိုအအေးခံခြင်းသည်ပူစေခြင်းထက်အချိန်ပို၍ကြာသောကြောင့်ဖြစ်ပါသည်။
- မီးပူတိုက်ရာတွင် မီးကျွမ်းခြင်း(သို့)အဝတ်အစားပျက်စီးနိုင်သဖြင့်အဝတ်အထည်တွင်အသုံးပြုထားသောချည်မျှင်များအားဂရုပြုပါ။
- ရောစပ်ထားသောချည်မျှင်ထည်များမီးပူတိုက်လျှင်အဝတ်အထည်ခံနိုင်ရည်ရှိနိုင်မည့်အနည်းဆုံးအပူချိန်ပမာဏကိုသာ ရွေးချယ်ပါ။
- အဝတ်အထည်ပြုလုပ်ထားသောချည်မျှင်အမျိုးအစားမသိပါကအဝတ်၏မသိသာသောနေရာတွင်အရင်ဆုံးစမ်းကြည့်ပြီးမှပုံမှန်မီးပူတိုက်တိုက်ခြင်းပြုလုပ်ပါ။အနိမ့်ဆုံးအပူချိန်မှတဖြည်းဖြည်းမြှင့်ပေး၍အဝတ်၏သင့်တော်ဆုံးအပူချိန်ကိုရှာပေးပါ။

## သတိပြုရှောင်ကြဉ်ရန်

- မီးပူအောက်ခံပြားမျက်နှာပြင်မပျက်စီးစေရန်ဇစ်များ(သို့)သတ္တုကြယ်သီးများကဲ့သို့မာကြောသောပစ္စည်းများမီးပူတိုက်ခြင်းမှရှောင်ကြဉ်ပါ။

## ပြုပြင်ထိန်းသိမ်းခြင်း

- မီးပူတိုက်ပြီးပါကမီးပူအားအအေးခံ၍ပုဝါပါးဖြင့်သုတ်ပေးပါ။
- အလွယ်တကူမပျောက်နိုင်သောအညစ်ကြေးများအတွက်နူးညံ့သောအဝတ်အားရေဆပ်ပြာ(သို့)ဓာတ်ပြယ်စေနိုင်သောဆပ်ပြာထည့်၍အသုံးပြုပါ။

# ဗီယက်နမ် နိုင်ငံ အတွက်သာ

## အသေးစိတ်အချက်အလက်များ

| | |
|---|---|
| မီးအဝင်နှုန်း | ၁၀၀၀ ဝပ် |
| ပိုအားနှုန်း | ၂၂၀ဗို ~ |
| မူရင်းနိုင်ငံ | မလေးရှား |

Panasonic Manufacturing Malaysia Berhad.

No. 3, Jalan Sesiku 15/2, Section 15, Shah Alam Industrial Site,
40200 Shah Alam, Selangor Darul Ehsan, Malaysia.